

# NYSESLAT မိဘများအတွက် ပညာပေး သတင်းစာစောင်

**ကြိုဆိုပါ၏! နယူးယောက်ပြည်နယ် ပညာရေးဌာန (NYSED) ဒွိဘာသာ ပညာရေးနှင့် ကမ္ဘာ့ ဘာသာစကားများဆိုင်ရာရုံး (OBEWL) ၏ အဓိကမ ရည်ရွယ်ချက်မှာ၊ အင်္ဂလိပ်ဘာသာစကား သင်ယူနေသူများ (ELLs)/ ဘာသာစကားမျိုးစုံ လေ့လာသူများ (MLLs) အပါအဝင် နယူးယောက်ပြည်နယ်တွင်းရှိ ကျောင်းသား/သူများ အားလုံး အဆင့်မြင့် ပညာရေး ထူးချွန်မှု ရရှိ၍ ဘာသာစကား ကျွမ်းကျင် တတ်မြောက်ရေးပင် ဖြစ်ပေသည်။ ကျောင်းသား/သူ တဦးချင်းစီ၏ ဘာသာစကား အစုံအလင်ပေါ် အခြေခံသည့် ပညာရေးလမ်းကြောင်း နှင့် လူမှုစိတ်ခံစားရေးရာ လိုအပ်ချက်တို့ကို ပြည့်ဝစေပြီး၊ ကောလိပ် နှင့် အလုပ်အကိုင် အဆင်သင့် ဖြစ်စေရန်အတွက် ကျွန်ုပ်တို့မှ အစွမ်းကုန် ကြိုးစားလျှက် ရှိသည်။ နှစ်စဉ်နှစ်တိုင်း၊ သင့်ကလေးအား နယူးယောက် ပြည်နယ် အင်္ဂလိပ် ဘာသာစကားအား ဒုတိယဘာသာစကားအဖြစ် ထူးချွန်အောင်မှု စာမေးပွဲ(NYSESLAT)အား ပေးဖြေဆို၍ ၎င်း၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုကို စိစစ်အပ်ပေသည်။**

## နိဒါန်း

နယူးယောက်ပြည်နယ် အင်္ဂလိပ်ဘာသာစကား သင်ကြားသူများအား ဖွေရှာသတ်မှတ်သည့် စာမေးပွဲ (NYSITELL) မှ ELL/MLL အဖြစ် သတ်မှတ်သည့် ကျောင်းသား/သူအားလုံးကို NYSESLAT ဖြေဆိုစေမည် ဖြစ်သည်။ NYSESLAT ၏ ရည်ရွယ်ချက်မှာ အင်္ဂလိပ်ဘာသာစကားမှ အပ၊ အခြားတခုအား မိခင်ဘာသာစကား အဖြစ် အသုံးပြုသော နယူးယောက်ပြည်နယ် ကျောင်းများတွင် မူလတန်း မှ ၁၂တန်းအထိ တက်ရောက်နေသည့် ELL/MLL ကျောင်းသား/သူများ၏ အင်္ဂလိပ်ဘာသာစကား အဆင့်ကို နှစ်စဉ် စိစစ်ရန် ဖြစ်သည်။ ဤစာမေးပွဲမှ တဆင့် ပြည်နယ်၊ ကျောင်းများ၊ မိဘများ နှင့် ဆရာ/မများတို့မှ ELL/MLL များ၏ အင်္ဂလိပ်ဘာသာစကား ဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် အရေးကြီး အချက်အလက်များကို သိရှိနိုင်ပေသည်။

## NYSESLAT စာမေးပွဲကို ဘယ်အချိန် စစ်သလဲ?

NYSESLAT ဤစာမေးပွဲကို နွေဦးရာသီ ဧပြီလ နှင့် မေလတို့တွင် ပုံမှန် စစ်လေ့ရှိသည်။

## ကျောင်းသား/သူများအား မည်ကဲ့သို့သော မေးခွန်းများ မေးမြန်းပါသလဲ?

NYSESLAT တွင် အင်္ဂလိပ် ဘာသာစကားဖြင့် အကြား၊ အပြော၊ အဖတ် နှင့် အရေးဆိုင်ရာ ဓမ္မဓိဌာန်မေးခွန်းများများ၊ ရေးဖြေမေးခွန်းတိုများ၊ ရေးဖြေမေးခွန်းရှည်များ၊ နှင့် နှုတ်မေးနှုတ်ဖြေများ ပါဝင်မည် ဖြစ်သည်။ သင့်ကလေးမှ စာမေးပွဲ၏ အပိုင်းအားလုံးကို ဖြေဆိုရမည် ဖြစ်သည်။ NYSESLAT တွင်ပါဝင်သည့် မေးခွန်းများသည် သင့်ကလေး၏ အတန်းတွင်း လုပ်ငန်းဆောင်တာများ နှင့် တာဝန်များကို ကိုယ်စားပြုပေသည်။

## NYSESLATအား မည်သူများမှ တာဝန်ယူ စစ်ဆေးပါသလဲ?

NYSESLATအား နယူးယောက် ပြည်နယ်ရှိ အရည်အသွေးမှီ ဆရာ/မများမှ စစ်ဆေးပေးပါသည်။

## ကျွန်ုပ်ကလေး၏ ရလဒ်များကို ဘယ်လိုရနိုင်ပါသလဲ?

သင့်ကလေး၏ အင်္ဂလိပ် ဘာသာစကား ဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်တို့ကို ကျောင်းမှ ပေးအပ် ပါလိမ့်မည်။

## ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မှစ၍ ရှေ့အတွက် အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှု အဆင့်တွေဆိုတာ ဘာတွေလဲ?

အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှု အဆင့်များကို ကျောင်းသား/သူများအတွင်း ပိုမို ကွဲပြားစေရန်အတွက် ယခင် လေးဆင့်မှ ယခု ငါးဆင့် သို့ ပြောင်းလဲလိုက်ပြီး ဖြစ်သည် -




## အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှု အဆင့်တွေကို ဘယ်လို အဓိပ္ပါယ် ဖေါ်ဆိုရမလဲ?

NYSESLAT ကျွမ်းကျင်မှု အဆင့်များအာ အောက်ပါ ဇယားတွင် ဖေါ်ပြထားသည်။

| အဆင့် | အင်္ဂလိပ် ဘာသာစကား တတ်မြောက်ကျွမ်းကျင်မှု အဆင့် ဖေါ်ညွှန်းချက်များ | |
|---|---|---|
| **စတင် ဝင်ရောက်ခြင်း (အခြေခံ အစပြု)** | ဤ စတင်ဝင်ရောက်ခြင်း အဆင့်တွင် ရှိနေသော  ကျောင်းသား/သူသည် ဆိုင်ရာအတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျ တည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုရန် အများအပြား လိုအပ်လျှက်ရှိသည်။ | ELL ဝန်ဆောင်မှုများ ရရှိခွင့် ရှိသည်။ |
| **တိုးတက်ခြင်း (အခြေခံ အလယ်အလတ်)** | ဤ တိုးတက်ခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျတည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုရန် အနည်းငယ် လိုအပ်လျှက်ရှိသည်။ | |
| **ကူးပြောင်းခြင်း (အလယ်အလတ်)** | ဤ အသွင်ကူးပြောင်းခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင် ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျ တည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုမှုမှ အနည်းငယ် လွတ်လပ်လျှက်ရှိသည်။ | |
| **တိုးပွားခြင်း (အဆင့်မြင့်)** | ဤ အသွင်ကူးပြောင်းခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင် ပိုင်ဆိုင်ရန် ဘာသာစကား လေ့လာမှုဆိုင်ရာ ထောက်ပံ့မှုများ နှင့် စနစ်တကျ တည်ဆောက်ထားသည့် သင်ကြားမှု ပုံစံများ အပေါ် မှီခိုမှုမှ အများအပြား လွတ်လပ်လျှက်ရှိသည်။ | |
| **ပိုင်နိုင်ခြင်း (ကျွမ်းကျင်အဆင့်)** | ဤ အသွင်ကူးပြောင်းခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင် ပိုင်ဆိုင်ပြီး ဖြစ်သည်။ သူ သို့မဟုတ် သူမအား ELL ကျောင်းသား/သူတဦးအဖြစ် မသတ်မှတ်တော့ပေ၊ သို့သော် ယခင် ELL ဝန်ဆောင်မှုများအား နှစ်နှစ်ခန့် ဆက်လက် ရရှိနေဦးမည်။ | ELL ဝန်ဆောင်မှုများ ရရှိခွင့် မရှိပါ။ |

## အကယ်၍ ကျွန်ုပ်၏ ကလေး၌ တဦးချင်း သင်ယူမှု အစီအစဉ် ရှိနေခဲ့ပါက၊ NYSESLAT စာမေးပွဲဖြေဆိုစဉ် သင့်လျော်သလို စီစဉ်ပေးနိုင်ပါသလား?

တဦးချင်း သင်ယူမှု အစီအစဉ်ရှိနေသော ELLကျောင်းသား/သူများ (IEPs) အတွက် NYSESLAT စာမေးပွဲ ဖြေဆိုစဉ် သင့်လျော်သလို စီစဉ်မှုများကို ခွင့်ပြုနိုင်ပါသည်။ သင့်ကလေး ရသင့်ရထိုက်သော စီစဉ်မှုများနှင့် ပတ်သက်သည့် အချက်အလက် အတိအကျကို သင့်ကလေး၏ ဆရာ/မအား ပြောဆိုမေးမြန်းပါ။ ပိုသိလိုပါက http://www.p12.nysed.gov/assessment/nyseslat/ သို့သွားရောက်ကြည့်ရှုပါ။

## ကျွန်ုပ်၏ ကလေးသည် ELL/MLL ဖြစ်နေခဲ့ပါမူ မည်သည့် ဝန်ဆောင်မှုများ ရရှိနိုင်ပါသလဲ?

သင့်ကလေးအား ELL/MLL အဖြစ်သတ်မှတ်ပါက ၎င်းမှ ဒွိဘာသာ ပညာရေး (အကူးအပြောင်း သို့မဟုတ် နှစ်ဘာသာ) နှင့်/သို့မဟုတ် အင်္ဂလိပ်စာအား ဘာသာစကား အသစ်အဖြစ် လေ့လာသူ (ENL) ဝန်ဆောင်မှုများ ရရှိမည်။ သင့်ကလေး၏ ကျွမ်းကျင်မှု အဆင့်တို့သည်၊ ၎င်းမှ တပတ်လျှင် ELL ဝန်ဆောင်မှု (အတန်းချိန်) မည်မျှ ရမည် ဖြစ်ကြောင်း သတ်မှတ်ပေးသည်။ ကျွမ်းကျင်မှုပေါ် အခြေခံ၍ လိုအပ်သည့် မိနစ် အတိအကျကို အောက်ဖော်ပြပါ ဇယားတွင် ကြည့်ရှုပါ။

| အဆင့် | မူလတန်း-၈တန်း တပတ်လျှင် ရရှိမည့် ENL သင်ကြားမှု မိနစ်ပေါင်း | ၉တန်း-၁၂တန်း တပတ်လျှင်* ရရှိမည့် ENL သင်ကြားမှု မိနစ်ပေါင်း | ဒွိဘာသာစကား အစီအစဉ်မှ ကျောင်းသား/သူများ |
|---|---|---|---|
| စတင် ဝင်ရောက်ခြင်း (အခြေခံ အစပြု) | မိနစ် ၃၆၀ | မိနစ် ၅၄၀ | • မိခင်ဘာသာ အခြေပြု ဝိဇ္ဇာဘာသာရပ် ၁ခု<br>• အနည်းဆုံး ဒွိဘာသာအခြေပြု ဆိုင်ရာ ဘာသာရပ် ၂ခု |
| တိုးတက်ခြင်း (အခြေခံ အလယ်အလတ်) | မိနစ် ၃၆၀ | မိနစ် ၃၆၀ | • မိခင်ဘာသာ အခြေပြု ဝိဇ္ဇာဘာသာရပ် ၁ခု<br>• အနည်းဆုံး ဒွိဘာသာအခြေပြု ဆိုင်ရာ ဘာသာရပ် ၂ခု |
| ကူးပြောင်းခြင်း (အလယ်အလတ်) | မိနစ် ၁၈၀ | မိနစ် ၁၈၀ | • မိခင်ဘာသာ အခြေပြု ဝိဇ္ဇာဘာသာရပ် ၁ခု<br>• အနည်းဆုံး ဒွိဘာသာအခြေပြု ဆိုင်ရာ ဘာသာရပ် ၁ခု |
| တိုးပွားခြင်း (အဆင့်မြင့်) | မိနစ် ၁၈၀ | မိနစ် ၁၈၀ | • မိခင်ဘာသာ အခြေပြု ဝိဇ္ဇာဘာသာရပ် ၁ခု<br>• အနည်းဆုံး ဒွိဘာသာအခြေပြု ဆိုင်ရာ ဘာသာရပ် ၁ခု |
| ပိုင်နိုင်ခြင်း (ကျွမ်းကျင်) | ဤ အသွင်ကူးပြောင်းခြင်း အဆင့်တွင် ရှိနေသည့် ကျောင်းသား/သူသည် အတန်း၏ ပညာရေး ကဏ္ဍ အစုံအလင် အတွက် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှုကို ဆုပ်ကိုင် ပိုင်ဆိုင်ပြီး ဖြစ်သည်။ သူ သို့မဟုတ် သူမအား ELL ကျောင်းသား/သူတဦးအဖြစ် မသတ်မှတ်တော့ပေ၊ သို့သော် ယခင် ELL ဝန်ဆောင်မှုများအား နှစ်နှစ်ခန့် ဆက်လက် ရနေဦးမည်။ | | |

*ENL သင်ကြားချက် တစိတ်တပိုင်းအား စွမ်းရည်မြင့် ဘာသာရပ်ဆိုင်ရာ အတန်းတွင် ပို့ချပေးနိုင်ပေသည်။

## ယခင် ELL များအတွက် ဝန်ဆောင်မှုတွေဟာ ဘာတွေလဲ?

ကျောင်းသား/သူ တဦးသည် ပိုင်နိုင်ခြင်း (ကျွမ်းကျင်) အဆင့်သို့ ရောက်ရှိသည်နှင့်၊ ၄င်းအား ELL အဖြစ် မသတ်မှတ်သကဲသို့၊ ELLများအတွက် ဝန်ဆောင်မှုများကိုလည်း ရပိုင်ခွင့် မရှိတော့ပေ၊ သို့သော် ယခင် ELLများအတွက် ဝန်ဆောင်မှုများကိုတော့ ခံစားခွင့် ရှိနေပေသေးသည်။ ယခင် ELLများအတွက် ဝန်ဆောင်မှုများတွင် တပတ်လျှင် နာရီဝက်ခန့် ELA/ပင်မ ဘာသာရပ် ဧရိယာ ဆိုင်ရာ စွမ်းရည်မြှင့် ENL အတန်းတွင် လေ့လာနိုင်ခြင်း၊ သို့မဟုတ် အခြား အတည်ပြုပြီးသော ယခင် ဝန်ဆောင်မှုများ ၂နှစ်ခန့် ထပ်မံ ရရှိနိုင်ခြင်းတို့ ပါဝင်သည်။ ထိုကျောင်းသား/သူများသည် ပညာရေး ရလဒ်များ တိုးတက်လာစေရန် ဦးတည်သည့် အင်္ဂလိပ် ဘာသာစကား နှင့် ပညာရေး တိုးတက်မှုတို့ကို တိုင်းတာပေးသော တဦးချင်း အထူးပြု သင်ယူမှု အထောက်အပံ့ အစီအစဉ်များကို ဆက်လက်ရယူရပေမည်။

## ကျွန်ုပ်ကလေး NYSESLAT ဖြေဆိုရန် ပြင်ဆင်မှုတွင် မည်သို့ ကူညီပေးရမလဲ?

မိဘများမှ ကျောင်းသား/သူများ NYSESLAT ဖြေဆိုရန် ပြင်ဆင်ရာတွင် ကူညီပေးနိုင်သည့် ကိစ္စရပ် များစွာရှိသည်။ အောက်ပါတို့မှာ အကြံဉာဏ် တချို့ဖြစ်သည် -

- စာမေးပွဲ အပိုင်းတခုစီ မကျရောက်မီ၊ သင့်ကလေးအား အိပ်ရေး ဝဝလင်လင် အိပ်စက်စေ၍၊ အာဟာရ ညီညွတ်မျှတသည့် အစားအစာများကို ကျွေးမွေးပါ။
- သင့်ကလေးအား အပြုသဘောဆောင်သည့် အားပေးမှုများ နှင့် သေချာစေမှုများ ပြုလုပ်ပေးပါ၊ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် သင့်ကလေး၏ အမှတ်များကို အပြုသဘောဆောင်စွာ အကျိုးသက်ရောက်စေလိမ့်မည်။
- စာမေးပွဲ အတွေ့အကြုံဆိုင်ရာ အချက်အလက်များအားလုံး တခုမကျန် သင့်ကလေး နှင့်အတူ ဖတ်ရှုလေ့လာပါ။
- ဤစာမေးပွဲသည် ကလေး၏ အင်္ဂလိပ်စာ ဘာသာစကား တိုးတက်မှုကို တိုင်းတာသည့် စာမေးပွဲဖြစ်ကြောင်း သင်မှ ထပ်လောင်းရှင်းပြခြင်းဖြင့် သေချာစေပါ။
- သင့်ကလေး၏ အတန်းပိုင်၊ အင်္ဂလိပ်စာအား ဘာသာစကားအသစ်/ဒုတိယဘာသာအဖြစ် သင်ကြားပေးသည့် (ENL/ESL) ဆရာ/မများ သို့မဟုတ် ဒွိဘာသာ ဆရာ/မတို့နှင့် တွေ့ဆုံ၍ အိမ်တွင်ပြုလုပ်ပေးနိုင်သည့် ဆိုင်ရာ လိုအပ်ချက် အထောက်အပံ့များ၊ ညွှန်းချက်များကို အနီးကပ် ပူးပေါင်းဆောင်ရွက် အကောင်အထည် ဖေါ်ပါ။

## ထပ်မံရရှိနိုင်သည့် အရင်းအမြစ်များ နှင့် အကူအညီများ

NYSESLAT နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို http://www.p12.nysed.gov/assessment/nyseslat/ နှင့် https://www.engageny.org/resource/spring-2015-nyseslat-resources တွင် တွေ့ရှိနိုင်သည်။ သင့်ကလေး၏ အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှု အဆင့်များနှင့် ပတ်သက်သည့် မေးခွန်းများ ရှိပါက ကျေးဇူးပြု၍ emscassessinfo@nysed.gov သို့ပေးပို့၍၄င်း၊ ၅၁၈-၄၇၄-၅၉၀၂ သို့ ဖုန်းခေါ်၍၄င်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဒွိဘာသာစကား/ENL အစီအစဉ်များနှင့် ပတ်သက်သည့် ဝန်ဆောင်မှုများအကြောင်း သိရှိလိုပါက နယူးယောက်ပြည်နယ် ပညာရေးဌာန ဒွိဘာသာစကား ပညာရေးနှင့် ကမ္ဘာ့ဘာသာစကားများရုံး(OBEWL) သို့ ဖုန်း ၅၁၈-၄၇၄-၈၇၇၅ မှတဆင့်၄င်း၊ အီးမေးလ် obefls@nysed.gov မှတဆင့်၄င်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ELL ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် မေးခွန်းများ၊ စိုးရိမ်ပူပန်မှုများ ရှိပါက အောက်ပါသို့ ဆက်သွယ်ပါ
nysparenthotline@nyu.edu
ELL မိဘများအတွက် အရေးပေါ် ဖုန်းနံပါတ် (၈၁၁) ၄၆၉-၈၂၂၄

**ထပ်မံ မေးမြန်းလိုသည်များ ရှိပါသလား?**
ဒွိဘာသာ ပညာရေးနှင့် ကမ္ဘာ့ ဘာသာစကားများဆိုင်ရာရုံးသို့ မေးခွန်းများ သို့မဟုတ် ပြောလိုသည်များ ကျေးဇူးပြု၍ ပေးပို့ပါ OBEFLS@nysed.gov သို့မဟုတ် ၇၁၈-၇၂၂-၂၄၄၅ သို့ ဖုန်းခေါ်ပါ
NYSESLAT အကြောင်း ပိုမိုသိရှိလိုပါက အောက်ပါသို့ သွားရောက် ကြည့်ရှုပါ
http://www.p12.nysed.gov/assessment/nyseslat/